# သာမန်ကာလ (၂၃)ကြိမ်မြောက် တနင်္ဂနွေနေ့

ရှင်လုကာ ၁၄း၂၅-၃၃

ယနေ့ဖတ်ရတဲ့ကျမ်းစာမှာ ယေဇူးဘုရားရှင်က သူ့ရဲ့တပည့် ဖြစ်နိုင်ဖို့အတွက် ကိုယ်ချစ်တဲ့သူတွေကို မုန်းရမယ် တဲ့။ ကိုယ်ချစ်တဲ့သူတွေ မိဘ၊ ဇနီးခင်ပွန်း၊ သားသမီး၊ ညီအစ်ကိုမောင်နှမ စတဲ့ ကိုယ်ချစ်တဲ့သူတွေကို မုန်းဖို့ဆိုတာ မဖြစ်နိုင်ဘူး။ သဘာဝလည်း မကျပါဘူး။ ဒါပေမဲ့ ယေဇူးဘုရားရှင်က အကြောင်းမဲ့ မိန့်တော်မူမှာတော့ မဟုတ်ဘူး။ ဒါကြောင့် သေချာစဉ်းစားကြည့်ပါ။ ချစ်တာ နဲ့ မုန်းတာ အကြားမှာ ဟိုမရောက်ဒီမရောက် မပူမအေး ဆိုတာလည်း ရှိပါတယ်။ ကိုယ်က တစိမ်းတယောက်အပေါ်ထားတဲ့စိတ်သဘောလိုပေါ့၊ ချစ်လည်း မချစ်ဘူး၊ မုန်းစရာအကြောင်းလည်း မရှိဘူး၊ ဘာမျှလည်း မပတ်သက်ဘူး။ ဒါကြောင့် ချစ်ခြင်းနဲ့ မုန်းခြင်းကြားမှာ မပူမအေး ရှိတယ်။ ချစ်တယ်ဆိုရင် အဲဒီလူကို စိတ်ထဲက သတိယနေတယ်။ အတွယ်အတာ။ မုန်းတယ်ဆိုရင်လည်း အဲဒီလူအကြောင်း စိတ်ထဲမှာ အမြဲရှိနေတယ်။ ခံပြင်းနေတယ်။ ဟုတ်တယ်၊ ဘယ်အချိန် ထမေးကြည့်လိုက်ကြည့်လိုက် သူ့ကိုတော့ အစဉ်အမြဲ မုန်းနေလို့ အစဉ်အမြဲကို မှတ်ထားတော့တာပဲ။ ဒါကြောင့် ချစ်လည်း စိတ်ထဲမှာ အမြဲရှိတယ်၊ မုန်းလည်း စိတ်ထဲမှာ အမြဲရှိတယ်။ မပူမအေးဆိုတာက မုန်းတာထက်ပိုဆိုးတယ်။ မပူမအေး/ တစိမ်းလိုပဲ သဘောထားတယ်ဆိုရင် သူ့အကြောင်း စိတ်ထဲရှိဖို့ နေနေသာသာ သူရှိမှန်းတောင် မသိဘူး။ လုံးဝကို ဂရုမစိုက်တာပဲ။ ကိုယ်ချစ်တဲ့သူတွေကို မုန်းရမယ်ဆိုတာက တစိမ်းတယောက်လိုကြီး ပစ်ပယ်ထားဖို့လောက်အထိ ရက်စက်ခိုင်းတာ မဟုတ်ဘူး။

အခု ယေဇူးဘုရားရှင် မိန့်တော်မူတဲ့ “ကိုယ်ချစ်တဲ့သူတွေကို မုန်းရမယ်ဆိုတာက သူတို့ကို မစွဲလန်းနဲ့” လို့ မိန့်တော်မူချင်တာပါ။ သူတို့ကို ချစ်ပါ၊ ဒါပေမဲ့ မစွဲလန်းနဲ့၊ မတွယ်တာနဲ့။ မျက်နှာမလိုက်နဲ့၊ ငါကလွဲလို့ ဘယ်သူမျှမချစ်နဲ့ လို့လည်း ချုပ်ကိုင် မထားနဲ့။ လွတ်လပ်တဲ့အချစ် ဖြစ်ပါစေ။ ဒါမှ စစ်မှန်တဲ့အချစ် ဖြစ်တော့မှာပေါ့။ စွဲလန်းနေမယ်၊ တွယ်တာနေမယ်၊ ချုပ်ကိုင်နေမယ်ဆိုရင်တော့ သူတို့က ငါ့ရဲ့ကျွန်တွေဖြစ်သွားပြီးတော့ ကိုယ်ကလည်း သူတို့ရဲ့ကျွန် ဖြစ်သွားပါတယ်။ တစ်ဦးနဲ့တစ်ဦး အပြန်အလှန် ချုပ်ကိုင်နေကြတဲ့ လင်မယားတွေ ကြည့်ကြပါ့လား တစ်ချိန်လုံး ရန်ဖြစ်နေကြတာပဲ။ တစ်ကယ့်အချစ်က လွတ်လပ်တယ်၊ လွတ်လပ်ခွင့် ပေးတယ်။ ထိန်းချုပ်မှုကင်းတယ်။ ဒါမှ ချစ်ခြင်းမေတ္တာက ခိုင်မြဲတယ်။ ဒီလိုအချစ်မျိုးဖြစ်ဖို့ ယေဇူးဘုရားက မုန်းခိုင်းတာပါ။

နောက်တစ်ချက်ကလည်း “မိမိအသက်ကိုပင်ဖြစ်စေ မမုန်းလျှင် ငါ၏တပည့်မဖြစ်နိုင်” လို့ မိန့်တော်မူထားလို့ “မိမိကိုယ်ကို ဘယ်လိုလုပ် မုန်းနိုင်မလဲ။ ကိုယ့်ကိုယ်ကို မုန်းနေရင် ဘယ်လိုလုပ် ပျော်နိုင်တော့မှာလဲ။ ဒါပေမဲ့ ယေဇူးဘုရား ဆိုလိုတာက မိမိကိုယ်ကို ချစ်နေတဲ့သူက ကိုယ့်အတွက်ပဲ ကြည့်တတ်တယ်။ တစ်ကိုယ်ကောင်းဆံတတ်တယ်။ နောက်ဆုံးတော့ သူက လူ့အသိုင်းအဝိုင်းမှာ သူ့အတွက်သူပဲ အသက်ရှင်လို့ ဘယ်လိုလုပ် ပျော်နိုင်တော့မှာလဲ။ သူတပါးကို ထည့်မစဉ်းစားဘူး။ လူရာမသွင်းဘူး။ ကိုယ့်ပြိုင်ဘက် ရန်သူလို့ပဲ သဘောထားတော့တယ်။

ဒါကြောင့် ယေဇူးဘုရားရှင် မိန့်တော်မူသလို ကိုယ့်ကိုယ်ကိုချစ်တာတွေ ရပ်လိုက်ရင်

သူတစ်ပါးတွေအပေါ်မှာ အာရုံစိုက်လာတော့မယ်။ ကိုယ့်အတွက်ကိုယ်ကို မေ့လာပြီ။ ဒါကြောင့် ကိုယ့်အကျိုးသက်သက် တစ်ကိုယ်ကောင်းဆံဆံ မဟုတ်တော့လို့ ပြဿနာ ရှိမလာတော့ဘူး။ ကိုယ့်ကိုယ်ကို မေ့လျော့လာမှပဲ ကိုယ့်ကိုယ်ကို တွေ့ရှိလာတော့တယ်။ အခုမှပဲ အမှန်အတိုင်း မြင်လာတော့တယ်။ အမြင်မှန် ရလာတော့တယ်။ ဒါကြောင့် ယေရှုဘုရားရှင်က "မိမိကိုယ်ကို ဆုံးရှုံးခံသောသူသည် အသက်ကို ရလိမ့်မည်" တဲ့။ အဲ့လိုမဟုတ်ပဲ ကိုယ့်အတွက် တစ်ကိုယ်ကောင်းဆံဆံနေရင် ကိုယ့်အတ္တထဲမှာ ကိုယ်က ထောင်ကျနေသလိုဖြစ်မယ်။

ဒီလိုပဲ ကိုယ်ပိုင်ဆိုင်တဲ့ ဥစ္စာပစ္စည်းတွေအပေါ် စွဲလန်းလွန်းရင်လည်း အဲဒီအရာတွေက ကိုယ့်ကို ပိုင်သွားတော့မယ်။ ဖုန်းမရှိရင် မနေနိုင်တော့ဘူး။ အရက် မသောက်ရရင် မနေနိုင်တော့ဘူး။ အိမ်ကြီးအိမ်ကောင်း မဟုတ်ရင် မပျော်တော့ဘူး။ မူးယစ်ဆေးဝါးကို မသုံးပဲ မနေနိုင်တော့ဘူး။ မကောင်းတာတွေ မကြည့်ပဲ မနေနိုင်တော့ဘူး။ အိုး . . ခင်ဗျားက တစ်ကယ့် ကျွန်ကြီးဖြစ်နေပေါ့လား။

ကိုယ့်ကိုယ်ကို ပြန်မေးကြည့်ရအောင် "အစွဲအလန်း ဥစ္စာပစ္စည်းတွေ အများကြီးရှိပြီး စိတ်ဆင်းရဲနေရတာထက် နဲနဲရှိပြီး စိတ်ချမ်းသာ လုံခြုံတဲ့ဘဝကို မရချင်ဘူးလား ? " ဒါကြောင့် ပျော်ရွှင်ခြင်းဆိုတာ အပြင်က ဥစ္စာပစ္စည်းတွေနဲ့ မဆိုင်ဘူး၊ ကာယကံရှင်ရဲ့စိတ်ထားနဲ့ပဲ ဆိုင်တယ်။ အစွဲအလန်း ဥစ္စာပစ္စည်းတွေရဲ့ ထောင်သား မဖြစ်စေပဲ ယနေ့ ဖတ်ရတဲ့ ဒုတိယကျမ်းစာထဲက ရှင်ပေါလူးလို "ခရစ်တော်အတွက် ယခုအခါ အကျဉ်းခံနေရသော ငါပေါလူးသည် သင့်ကို မေတ္တာရပ်ခံပါတယ်" တဲ့။ ကိုယ့်ကိုယ်ကို စွဲအလန်းတွေရဲ့ အကျဉ်းသား အဖြစ်မခံပဲ ထောင်ထဲမှာတောင် စိတ်လွတ်ကိုယ်လွတ်ပျော်နိုင်တဲ့ ရှင်ပေါလူးလို ဖြစ်နိုင်ဖို့ ခရစ်တော်အတွက် အကျဉ်းသား ဖြစ်ကြပါစို့။ နားဆင်သူအားလုံးအပေါ် ဘုရားသခင်ရဲ့ကောင်းကြီးမင်္ဂလာများ ခံစားကြရပါစေ။